# တိကျခိုင်လုံသော အချက်အလက်များ

- နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် သင်နှင့်သင့်တော်မှုရှိမရှိ ဆုံးဖြတ်နိုင်ရန် သင့်ဆရာဝန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က ကူညီနိုင်ပေးပါသည်။
- သင် နာတာရှည်ဆေးရုံဝန်ဆောင်မှုရယူရန် စာရင်းသွင်းပြီးလျှင် သင်သည် သင်၏ကင်ဆာရောဂါကုသရေးအဖွဲ့နှင့် အဆက်အသွယ် မပြတ်အောင် ဆက်လက်ထိန်းသိမ်းထားနိုင်သည်။
- ဝေဒနာခံစားနေရမှုကို ကုသစောင့်ရှောက်ပေးခြင်းနှင့် ရောဂါလက္ခဏာနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုများကို နာတာရှည်ဆေးရုံဝန်ဆောင်မှုက ထောက်ပံ့ပေးပါလိမ့်မည်။
- သင်၏ကုသစောင့်ရှောက်မှုနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချရာတွင် သင်နှင့် သင့်မိသားစုကို နာတာရှည်ဆေးရုံဝန်ဆောင်မှုက ကူညီပေးပါလိမ့်မည်။
- သင်နှင့် သင့်မိသားစု သို့မဟုတ် ပြုစုစောင့်ရှောက်မှုပေးသူများအတွက် အထောက်အပံ့ပြုဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။
- နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် “Medicare”၊ “Medicaid” နှင့် အခြားသောသီးသန့်အာမခံအများစုတွင် အကျုံးဝင်ပါသည်။

လေ့လာမှုများအရ လူနာများသည် နာတာရှည်ဆေးရုံတွင် အသက်ပိုရှည်အောင် နေနိုင်ကြပြီး ပိုမိုကောင်းမွန်သည့် ဘဝအရည်အသွေးကို ရရှိကြကြောင်း ပြသနေသည်။



**ပြုစုစောင့်ရှောက်မှုကို ကျွမ်းကျင်ပညာရှင်များနှင့် စေတနာ့ဝန်ထမ်းများပါဝင်သော အတွေ့အကြုံရှိပြီးသား အဖွဲ့က လုပ်ဆောင်ပေးမည်ဖြစ်ပြီး ထိုအဖွဲ့ထဲတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်နိုင်ပါသည်-**




နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် အချိန်အကန့်အသတ်ဖြင့်သာ အသက်ဆက်ရှင်နိုင်တော့မည့် ရောဂါဝေဒနာခံစားနေရသည့် လူနာများနှင့် သေလုမြောပါး ဝေဒနာခံစားနေရသည့် လူနာများအတွက် သက်သောင့်သက်သာရှိစေမည့် ပြုစုစောင့်ရှောက်မှုနှင့် ကရုဏာတရားဖြင့် အထောက်အပံ့ပေးခြင်းဖြစ်သည်။

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association

## မေးမြန်းနိုင်သည့် မေးခွန်းများ

# နာတာရှည်ဆေးရုံ ဝန်ဆောင်မှု









## နာတာရှည်ဆေးရုံဝန်ဆောင်မှုကိုရွေးချယ်ခြင်း

**နာတာရှည်ဆေးရုံဝန်ဆောင်မှုကို ရွေးချယ်ခြင်းသည် ကျွန်ုပ်အတွက် မှန်ကန်ကြောင်း မည်ကဲ့သို့သိနိုင်မည်နည်း။**

အကယ်၍ သင်သည် အချိန်အကန့်အသတ်ဖြင့်သာ အသက်ဆက်ရှင်နိုင်တော့မည့် ဝေဒနာကို ခံစားနေရပြီဖြစ်ကြောင်း သင်၏ဆရာဝန်ကပြောကြားလာပါက hospice care သည် သင့်အတွက် ရွေးချယ်စရာတစ်ခုဖြစ်သည်။

**နာတာရှည်ဆေးရုံဝန်ဆောင်မှုဆိုတာ ဘာလဲ၊ နာတာရှည်ဆေးရုံဝန်ဆောင်မှုအဖွဲ့က ဘာတွေ လုပ်ဆောင်ပေးပါသလဲ။**

- နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် သေလုမြောပါး ဝေဒနာခံစားနေရသည့် လူနာများအတွက် သက်သောင့်သက်သာ ရှိစေမည့် ပြုစုစောင့်ရှောက်မှုနှင့် ကရုဏာတရားဖြင့် အထောက်အပံ့ပေးခြင်းဖြစ်သည်
- နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် လူပုဂ္ဂိုလ်နှင့် သူ၏ အထောက်အကူပြုအဖွဲ့အား ထောက်ပံ့ကူညီပေးသည်
- နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် လူပုဂ္ဂိုလ်၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် သေချာလုပ်ဆောင်ပေးသည်
- နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သူခံစားနေရသည့် ရောဂါဝေဒနာကို ဂုဏ်သိက္ခာရှိရှိရင်ဆိုင်နိုင်စေရန် လုပ်ဆောင်ပေးနိုင်သည်

**ကျွန်ုပ်ကို ပြုစုစောင့်ရှောက်ရန် နာတာရှည်ဆေးရုံဝန်ဆောင်မှုများစွာရှိနေပါက နာတာရှည်ဆေးရုံဝန်ဆောင်မှုတစ်ခုကို မည်ကဲ့သို့ ရွေးချယ်ရမည်နည်း။**

- မည်သည့် နာတာရှည်ဆေးရုံဝန်ဆောင်မှုတွင်မဆို အခမဲ့သတင်းအချက်အလက် ရယူမှုဆိုင်ရာ အစီအစဉ်တစ်ခုကို စီစဉ်ပါ
- သင့်အနီးအနားရှိ နာတာရှည်ဆေးရုံဝန်ဆောင်မှုအေဂျင်စီများကို ရှာဖွေရန် medicare.gov/hospicecompare သို့ ဝင်ရောက်ကြည့်ရှုပါ
- သင်၏သမားတော်၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ပါ

## နာတာရှည်ဆေးရုံပြုစုစောင့်ရှောက်မှု

**နာတာရှည်ဆေးရုံဝန်ဆောင်မှုကို မည်သည့်နေရာတွင် ရယူနိုင်မည်နည်း။**

- အိမ်တွင်
- အရည်အသွေးပြည့် သူနာပြုဌာန (Skilled Nursing Facility, SNF)
- အထောက်အကူပြု စောင့်ရှောက်ရေးဂေဟာ (Assisted Living Facility, ALF)
- သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာ (Adult Foster Care, AFC)
- နာတာရှည်ဆေးရုံဝန်ဆောင်မှုအိမ်ရာ
- သင်နေထိုင်သည့် မည်သည့်နေရာမဆို

**ကျွန်ုပ်သည် ၎င်းတို့၏လူနာဖြစ်သွားပါက နာတာရှည်ဆေးရုံဝန်ဆောင်မှုက ကျွန်ုပ်အား ဘယ်လောက်ကြာလျှင်တစ်ကြိမ် လာရောက်တွေ့ဆုံမည်နည်း၊ ကျွန်ုပ်အတွက် ပြုစုစောင့်ရှောက်မှုကို ကျွန်ုပ်၏လိုအပ်ချက်နှင့်ကိုက်ညီအောင် မည်ကဲ့သို့ လုပ်ဆောင်ပေးမည်နည်း။**

နာတာရှည်ဆေးရုံဝန်ဆောင်မှုများအားလုံးကို သင်နှင့်ကိုက်ညီအောင် စီစဉ်ထားမည်ဖြစ်ပြီး သင့်လိုအပ်ချက်အပေါ်မူတည်၍ လာရောက်ကြည့်ရှုပါမည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှုလူနာအားလုံးသည် သမားတော်၊ သူနာပြု၊ လူမှုဝန်ထမ်း၊ ဘာသာရေးဆိုင်ရာစောင့်ရှောက်မှု၊ ဆေးရုံလက်ထောက်များနှင့် စေတနာ့ဝန်ထမ်းများအား ရယူအသုံးပြုခွင့်ရရှိပါမည်။

အရေးပေါ်ကိစ္စရပ်များနှင့် မေးခွန်းများမေးနိုင်ရန်အတွက် 24 နာရီ 7 ရက်ပတ်လုံး ဝန်ထမ်းများ ရှိနေပါမည်။

**နာတာရှည်ဆေးရုံဝန်ဆောင်မှုရယူခြင်းကို ရပ်နားလို့ရပါသလား။**

နာတာရှည်ဆေးရုံဝန်ဆောင်မှုရယူခြင်းကို အချိန်မရွေး သင်ရပ်နားနိုင်မည်ဖြစ်ပြီး သင်အဆင်သင့်ဖြစ်ပါက ပြန်လည်စာရင်းသွင်းနိုင်ပါမည်။

## ထပ်ဆောင်းဝန်ဆောင်မှုများ

**ကျွန်ုပ်ရယူနိုင်မည့် အခြားသော ဝန်ဆောင်မှုများ ရှိပါသလား။**

အချို့သော နာတာရှည်ဆေးရုံဝန်ဆောင်မှုများတွင် အနှိပ်ဝန်ဆောင်မှု၊ ဂီတ၊ အိမ်မွေးတိရစ္ဆာန် သို့မဟုတ် အနုပညာကုထုံးများကို ကမ်းလှမ်းထားပါသည်။ ရရှိနိုင်သည့် ဝန်ဆောင်မှုများကို မေးမြန်းပါ။

**နာတာရှည်ဆေးရုံဝန်ဆောင်မှု၏စေတနာ့ဝန်ထမ်းများက ဘာတွေ လုပ်ဆောင်ပေးကြမှာပါလဲ။**

စေတနာ့ဝန်ထမ်းများသည် မိတ်ဆွေအဖြစ်လာရောက်ပြီး အထောက်အကူပေးနိုင်သည့် ဧည့်သည်များဖြစ်ကြသည်။

**ကျွန်ုပ်၏ပြုစုစောင့်ရှောက်မှုပေးသူက “အနားယူရန်” လိုအပ်လာပါက မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း။**

သင့်အား ပြုစုစောင့်ရှောက်ပေးသူသည် သင့်အား နေ့စဉ် ပြုစုစောင့်ရှောက်မှုပေးနေရာမှ အနားယူရန် လိုအပ်လာပါက သင်၏ နာတာရှည်ဆေးရုံဝန်ဆောင်မှုအဖွဲ့ထံ ပြောဆိုပါ။ အဖွဲ့က ရွေးချယ်စရာများကို ဆွေးနွေးတိုင်ပင်ပြီး သင့်မိသားစု၏/ သင်၏လိုအပ်ချက်များနှင့် ကိုက်ညီသည့် ဝန်ဆောင်မှုကို အချိန်ဇယား ပြန်လည်စီစဉ်ပေးနိုင်ပါသည်။

**ပူဆွေးသောကရောက်ခြင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှု ဝန်ဆောင်မှုများ ရှိပါသလား။**

တစ်ဦးချင်းနှင့် အဖွဲ့လိုက် ပူဆွေးသောကရောက်ခြင်းဆိုင်ရာ အထောက်အကူ၊ နှစ်သိမ့်ဆွေးနွေးမှု နှင့် အခြားဝန်ဆောင်မှုများ အပါအဝင် ပူဆွေးသောကရောက်ခြင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှု ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။